# ဓမ္မခန္ဓာ (၈၇) အထွဋ်အထိပ် (အလ်–အအ်လာ)

ဥဒ္ဒေစဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **سَبِّحِ اسْمَ رَبِّكَ الْأَعْلَى**۞<br>အထွဋ်အထိပ် ဖြစ်တော်မူသော ကံကြမ္မာရှင်၏ ဂုဏ်တော်အား ဦးထိပ်ထားလော့။ |
| ၂။ | **الَّذِي خَلَقَ فَسَوَّى**۞<br>အရှင်သည် ဖြစ်တည်စေ၏။ ပုံစံချပေး၏။ |
| ၃။ | **وَالَّذِي قَدَّرَ فَهَدَى**۞<br>အရှင်သည် စည်းချိန်ချပေး၏။ လမ်းညွှန်ပေး၏။ [၁၃၄၈] |
| ၄။ | **وَالَّذِي أَخْرَجَ الْمَرْعَى**۞<br>အရှင်သည် ထိန်းကျောင်းရာကို ထွက်ပေါ်စေ၏။ |
| ၅။ | **فَجَعَلَهُ غُثَاء أَحْوَى**۞<br>ထို့နောက် ၎င်းကို ဖုံထနေသော အမှိုက်သရိုက် အဖြစ် စီစဉ်ပစ်၏။ |
| ၆။ | **سَنُقْرِؤُكَ فَلَا تَنسَى**۞<br>သင် မမေ့စေရန်  ငါအရှင်သည် သင့်အား ရွတ်ဖတ်ပြမည်မှာ–[၁၃၄၉] |
| ၇။ | **إِلَّا مَا شَاء اللَّهُ إِنَّهُ يَعْلَمُ الْجَهْرَ وَمَا يَخْفَى**۞<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခြင်းမှသာ ဖြစ်၏။ ကေန်ပင် အရှင်သည် ဖွင့်ပြောရာ ထိန်ဝှက်ရာတို့ကို သိနေတော်မူ၏။ |
| ၈။ | **وَنُيَسِّرُكَ لِلْيُسْرَى**۞ |

**(၁၃၄၈)** သုတ်တော် ၂ နှင့် ၃ သည် ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေခြင်း နိယာမ အဆင့် လေးဆင့်ကို ဖော်ပြပေသည်။ အရှင်သည် လူသားကိုသာမက ရှိလေသမျှသော စကြာဝဠာ အားလုံးအတွက် (၁) စတင် ဖြစ်တည်စေခြင်း နိယာမကို ချမှတ်သည်၊ (၂) ပုံသဏ္ဍာန်ပေါ်လွင်စေခြင်း ရုပ်ကိုယ်ထည်ကို ဖြစ်သည့် နိယာမကို ပြဋ္ဌာန်းထားသည်။ (၃) ထို့နောက် ထိုအရာအတွက် စည်းချိန် ဥပဒေ ချမှတ်ပေးထားသည်၊ (၄) ထိုအရာတိုင်း အတွက် လမ်းညွှန်– လမ်းပြထားပေသည်။ ထိုအချက်များထဲတွင် လူသားသည် စကြာဝဠာ အားလုံးအတွက် အထူးကိုယ်စားလှယ် ဖြစ်ခြင်းကြောင့် (ဖး၁၆၆) လူသားအား လောကအားလုံးအတွက် ဦးဆောင်နိုင်ရန် လမ်းညွှန်ချက် ကျမ်းမြတ်ကုရ်အာန်အား ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပေသည်။
**(၁၃၄၉)** ဤသုတ်တော်သည် ကိုယ်တော်မုဟမ္မဒ်ထံသို့ ချမှတ်ပေးသော ဝဟီခေါ် ဥဒ္ဒေစဉ်တော်များမှာ လုံးဝ အာမ ခံထားခြင်း ဖြစ်ပေသည်။ ကိုယ်တော်သည် လူသားဖြစ်သည့် အတွက် လူသားသဘာဝ မေ့တတ်လျော့တတ်မှုများ ရှိမည်မှာ သေချာသည်၊ သို့သော် ကိုယ်တော့ထံသို့ ကိန်းဝပ်ချမှတ်ပေးသော ဥဒ္ဒေစဉ်တော်များကိုကား ကိုယ်တော်သည် လုံးဝမေ့လျော့ခြင်း မရှိချေ။ သို့ဖြစ်၍– ကိုယ်တော့ထံမှ တဆင့် ဥဒ္ဒေစဉ်ကိန်းဝပ်ပေးသော ဤကုရ်အာန်မှာ ယနေ့ထိတိုင် ခိုင်မာစွာ တည်မြဲကျန်နေခြင်း ဖြစ်ပေသည်။ ကိုယ်တော့ထံမှ တစ်ဆင့် လူသားအားလုံးအတွက် ချမှတ်ပေးသော လမ်းညွှန်ကျမ်းကြီး ကျမ်းမြတ် ကုရ်အာန်မှာ အလ္လာဟ်အရှင်၏ ထံမှ လူသားများအတွက် စံချိန်စံညွှန်းမှီစေသော လမ်းညွှန်ချက် လမ်းပြချက် များသာ ဖြစ်သည်ဟု– သုတ်တော် (၇)တွင် ဆက်လက်ပြောဆိုထားပေသည်။

| | |
|---|---|
| | ငါသည် သင့်အား လွယ်ကူမှုဖြင့် လွယ်ကူစေတော်မူလတ္တံ့။ |
| ၉။ | فَذَكِّرْ إِن نَّفَعَتِ الذِّكْرَىٰ ۝<br>သို့ဖြစ်၍ သတိပေးလော့၊ သတိပေးခြင်းသည် အကျိုးဖြစ်ထွန်းစေ၏။ |
| ၁၀။ | سَيَذَّكَّرُ مَن يَخْشَىٰ ۝<br>ကြောက်ရွံ့တတ်သူသည် ဆင်ခြင်သတိရနိုင်ကောင်း၏။ |
| ၁၁။ | وَيَتَجَنَّبُهَا الْأَشْقَى ۝<br>ကံအဆိုးဆုံးသူသည်သာ ၎င်းမှ ကင်းသန့်၏– |
| ၁၂။ | الَّذِي يَصْلَى النَّارَ الْكُبْرَىٰ ۝<br>သူ့ကို ကြီးမားသော အပူမီး၌ လောင်ကျွမ်းစေလျက်– |
| ၁၃။ | ثُمَّ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ۝<br>ထို၌ သူသည် မသေ မရှင် ခံစားရလတ္တံ့။ |
| ၁၄။ | قَدْ أَفْلَحَ مَن تَزَكَّىٰ ۝<br>မုချပင် အောင်မြင်ပေါက်မြောက်မည့် သူမှာ သန့်ရှင်းဖြူစင်၍– |
| ၁၅။<br>☆၂း၃ | وَذَكَرَ اسْمَ رَبِّهِ فَصَلَّىٰ ۝<br>ကံကြမ္မာရှင်၏ ဂုဏ်တော်အား သတိရရှုမှတ်လျက်– ထို့နောက် မေတ္တာဝိဥာန်ပြု၏။☆ |
| ၁၆။ | بَلْ تُؤْثِرُونَ الْحَيَاةَ الدُّنْيَا ۝<br>အမှန်မှာ သင်တို့သည် လောကီသက်တမ်းကို လိုက်မြဲလိုက်နေ၏။ |
| ၁၇။ | وَالْآخِرَةُ خَيْرٌ وَأَبْقَىٰ ۝<br>နောင်ဘဝသည်ကား ပိုမိုကောင်းမြတ်၏၊ သာ၍ တည်တံ့၏။ |
| ၁၈။ | إِنَّ هَٰذَا لَفِي الصُّحُفِ الْأُولَىٰ ۝<br>ကေန်ပင် ဤသည် ရှေး ပရပိုက်များမှ ဖြစ်သော– |
| ၁၉။ | صُحُفِ إِبْرَاهِيمَ وَمُوسَىٰ ۝<br>အီဗရာဟီးမ်နှင့် မူဆာတို့၏ ပရပိုက်များ၌ ပါရှိ၏။[၁၁၅၀] |

(၁၁၅၀) ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ်မည့် အကြောင်းကို ကိုယ်တော်မူဆာ၏ သင်ကြားမှုများ၊ ကိုယ်တော်အီဗရာဟင်၏ သင်ကြားမှုများ၌ ပါဝင်ခဲ့သည်ကို ၂း၄၁ အောက်ခြေနှင့် ၂း၁၂၄ အောက်ခြေများတွင် ကြည့်ပါ။